ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၈၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးကျွန်ခဲန်း၊ ချင်း(၁)၊ မျက်စိစမ်းသပ်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ဆေးခန်းပြ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့၊ ကရင်(၁)၊ PR ကြားနာအစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ PR ကြားနာအစည်းအဝေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၅) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာအုပ်စု၊ ဒေါစော်ဘီးကျေးရွာတွင် ထရန်စဖော်မာ(၁)လုံး တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း က လွိုင်ကော်မြို့နယ် ချိကယ်ကျေးရွာအုပ်စု၊ ဒေါစော်ဘီးကျေးရွာတွင် ထရန်စဖော်မာ(၁)လုံး တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ချိကယ်ကျေးရွာအုပ်စု မှာရှိတဲ့ ဒေါစော်ဘီးကျေးရွာအတွက် ထရန်စဖော်မာ(၁)လုံး တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမမေးမြန်းမီ ပြည်ထောင်စုလျှပ်စစ်ဝန်ကြီးနှင့်တကွ ဒုတိယ ဝန်ကြီး၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးဟာ ကျွန်တော်တို့ ကယားပြည်နယ်(၇)မြို့နယ်လုံးကို နိုင်ငံတော်ရဲ့

လျှပ်စစ်ဓာတ်အားနဲ့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာပဲ မီးလင်းခဲ့ပြီး ဖြစ်ပါတယ်။ ကယားပြည်နယ် တစ်ပြည်နယ်လုံး၊ မြို့နယ်အားလုံး မီးလင်းခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ကယားပြည်နယ်သူ၊ ပြည်သားများရဲ့ကိုယ်စား ဒီနေရာကနေပြီးတော့ သက်ဆိုင်ရာဝန်ကြီးနှင့်တကွ ဒါ ဆောင်ရွက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။

ရိုသေလေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွိုင်ကော်မြို့၊ ချိကယ်ကျေးရွာအုပ်စု၊ ဒေါစော်ဘီးကျေးရွာဟာ လျှပ်စစ်မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့ရဲ့ အရှေ့ဘက် (၁)မိုင် (၂)ဖာလုံ အကွာအဝေးမှာရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ အဲဒီ ဒေါစော်ဘီးကျေးရွာဟာ ကျွန်တော်တို့လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ရှိတဲ့ကျေးရွာဖြစ်ပြီးတော့ ဒီ လျှပ်စစ်ဓာတ်အားလိုင်း (၃၂)ကေဗွီ ဓာတ်အားလိုင်းဖြတ်သန်းသွားတဲ့ ကျေးရွာလည်းဖြစ်ပါတယ်။ ဒေါစော်ဘီးကျေးရွာဟာ အိမ်ခြေပေါင်း(၁၁၂)အိမ်၊ လူဦးရေအနေနဲ့ဆိုရင်လည်းပဲ ကျား(၃၀၃)ဦး၊ မ(၃၀၃)ဦး ပေါင်း(၆၁၆)ဦးရှိပါတယ်။ အဲဒီကျေးရွာဟာ လွိုင်ကော်မြို့၊ ချိကယ်ကျေးရွာအုပ်စု၊ ထေးတမ ကျေးရွာနှင့်တစ်ဆက်တစ်စပ်တည်း တည်ရှိတဲ့ကျေးရွာလည်းဖြစ်ပါတယ်။ ဒေါစော်ဘီးကျေးရွာကိုလွန်ခဲ့သော ဒါ နှစ်(၂၀)ခန့်က လျှပ်စစ်မီးသွယ်တန်းထားပြီး ဖြစ်သော်လည်းပဲ၊ မီးအား၊ ဓာတ်အား ပြည့်ဝစွာ မရရှိခဲ့ပါဘူး။ရွာရဲ့အနောက်ဘက်မှာ တည်ရှိတဲ့ထေးတမကျေးရွာမှာ ယခုအခါ သက်ဆိုင်ရာက ဆောင်ရွက်ပေးတဲ့အတွက် မီးအားအပြည့်အဝ ရရှိပြီးဖြစ်သော်လည်းပဲ ဒေါစော်ဘီး ကျေးရွာမှာ အထူးသဖြင့် ညအသုံးများတဲ့အချိန် (၆)နာရီကနေ (၉)နာရီအထိ (၁၀)နာရီအထိဟာ ခရမ်းချဉ်မီးသာသာပဲ အသုံးပြုနေရပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်က ထုတ်လွှင့်ပေးတဲ့ TV တွေ၊ ချန်နယ်လိုင်းတွေ၊ ရုပ်သံလိုင်းတွေကို ဖမ်းယူကြည့်ရှုလိုသော်လည်းပဲ မကြည့်ရှုနိုင်ခဲ့ကြပါဘူး။ ဒေါစော်ဘီးကျေးရွာဟာ အများအားဖြင့် ကျေးရွာသူ/ကျေးရွာသားများဟာ တောင်သူလယ်သမား၊ လက်လုပ်လက်စားပဲများပါတယ်။

အဲဒါကြောင့်မို့လို့ ဒေါစော်ဘီးကျေးရွာအတွက် မီးအားအပြည့်အဝရရှိရေးအတွက် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးခွန်းမေးမြန်း လိုတာကတော့ (က)လွိုင်ကော်မြို့နယ်၊ ချိကယ်ကျေးရွာအုပ်စု၊ ဒေါစော်ဘီးရွာအတွက် ထရန်စဖော်မာ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ။ (ခ) ၎င်းရွာအတွက် ထရန်စဖော်မာ တပ်ဆင်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်တပ်ဆင်ပေးနိုင်မည်ကိုသိလိုပါတယ်။ (ဂ)အနေနဲ့ ၎င်းရွာအတွက် ထရန်စဖော်မာ မတပ်ဆင်ပေးနိုင်သေးရင်လည်းဘဲ မည်သည့် အကြောင်းကြောင့် မတပ်ဆင်ပေးနိုင်သည်ကို သိရှိလိုတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရွာသူ/ရွာသားများရဲ့ ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း မှ မေးမြန်းသော ကြယ်ပွင့်ပြမေးခွန်းပေါ် မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးခွန်းထဲမှာပဲ တစ်ခါတည်းပါသွားပြီးဖြစ်ပါတယ်။ ဒီရွာလေးဟာ မီးရပြီးဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရွာကို မရောက်ခင် ချိကယ်ကျေးရွာအုပ်စု ရွာထိအောင် ကျွန်တော်တို့က (၁၁) ကေဗွီလိုင်းနဲ့ မီးပေးထားပြီးတော့ ဒေါစော်ဘီးကျေးရွာကိုတော့ ကျွန်တော်တို့က (၄၀၀) ကေဗွီ၊ (၄၀၀) ဗို့လိုင်းနဲ့ သွယ်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ (၄၀၀)ဗို့လိုင်းရဲ့ဝန်ကို မနိုင်လို့ ဒေါစော်ဘီး ကျေးရွာဟာ မီးအားမပြည့်တာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့အခု ပြီးခဲ့တဲ့နှစ် ရန်ပုံငွေထဲမှာ ပစ္စည်းအားလုံး ပြည်နယ်ရဲ့ရန်ပုံငွေကနေပြီးတော့ ဝယ်ယူဖြည့်ဆည်းပြီးတော့ လုပ်ငန်းဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ အဲဒီ ရွာရောက်တဲ့ထိအောင် မေလအတွင်းမှာပဲ ယခုနှစ်မေလအတွင်းမှာပဲ လုပ်ငန်းအားလုံး ပြီးစီးအောင် ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း တင်ပြရင်းနဲ့ ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဟုမ္မလင်းမြို့နယ်၊ ဝဲဟတ်ကျေးရွာအုပ်စု၊ နန်းတပ်ကျေးရွာမှ (၅)ဖာလုံခန့်အကွာတွင် တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က ဟုမ္မလင်းမြို့နယ်၊ ဝဲဟတ်ကျေးရွာအုပ်စု၊ နန်းတပ်ကျေးရွာမှ (၅)ဖာလုံခန့်အကွာတွင် တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနဲ့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ နန်းတပ်ကျေးရွာမှ(၅) ဖာလုံခန့်အကွာတွင် နန်းတပ်ချောင်းအား တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နန်းတပ်ကျေးရွာဟာ ဟုမ္မလင်းမြို့နယ်၊ ဝဲဟတ်ကျေးရွာအုပ်စုတွင် တည်ရှိပြီး အိမ်ခြေ(၄၇)အိမ်သာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ နန်းတပ်ချောင်းဟာ နန်းတပ်ရွာရဲ့ အလယ်ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ချောင်းတစ်ချောင်းဖြစ်ပါတယ်။ မိုးအခါရေစီးပြင်းထန်ပြီးတော့ နွေနဲ့ဆောင်းတွေမှာတော့ ရေအမြဲ စီးဆင်းနေတဲ့ ချောင်းငယ်လေးတစ်ခုဖြစ်ပါတယ်။ နန်းတပ်ကျေးရွာမှ နန်းတပ်ချောင်းအတိုင်း ဆန်တက်သွားလို့ရှိရင် တစ်ဖာလုံခန့်အကွာမှာ နန်းတပ်ရွာရဲ့မြေမျက်နှာပြင်အထက် (၁၅)ပေလောက်ကို မြင့်တက်သွားပါတယ်။ ချောင်းရိုးအတိုင်း ဆက်ဆန်သွားတဲ့အခါမှာ (၅)ဖာလုံခန့် အကွာမှာတော့ နန်းတပ်ကျေးရွာရဲ့ မြေမျက်နှာပြင်အမြင့် ပေ(၂၀၀)လောက်အထိကို မြင့်တက်သွားပါတယ်။

နန်းတပ်ကျေးရွာမှ (၅)ဖာလုံအကွာမှာ နန်းတပ်တစ်ဖက်ရပ်ဆည် တည်ဆောက်မည်ဆိုပါက ချောင်းရဲ့အထက်ဘက် ဆည်တစ်ဖက်မှာတော့ တောင်များကာရံထားတဲ့ ရေဝပ်ရေလှောင်ဧရိယာ(၂)မိုင်ပတ်လည်ခန့်ကျယ်ဝန်းပါတယ်။ နန်းတပ်ကျေးရွာရှိ လယ်များဟာ မိုးရေခံလယ်များသာဖြစ်ပြီးတော့မှ ဖော်ပြပါနေရာမှာ တစ်ဖက်ရပ်ဆည်တည်ဆောက်ပြီး ရေလှောင်ထားမည်ဆိုလို့ရှိရင် ဝဲဟတ်ကျေးရွာအုပ်စု၊ နန်းတပ်ကျေးရွာအပါအဝင် လယ်ယာမြေဧက (၇၀၀)ကို မိုးစပါးအောင်ရေအဖြစ် ပေးနိုင်မယ့်အပြင် တစ်သီးစားမှ နှစ်သီးစား ဆည်ရေသောက် လယ်မြေအဖြစ်သို့ တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်လို့ တောင်သူလယ်သမားဘဝကို မြှင့်တင်ပေးရာရောက်မှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဖက်ရပ်ဆည်မှ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနဲ့ ကျေးရွာအတွင်း သောက်သုံးရေ ရရှိခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဖော်ပြပါ သဘာဝအရင်းအမြစ်တည်ရှိရာ နန်းတပ်ကျေးရွာသို့ လွှတ်တော်နားချိန် ကွင်းဆင်းလေ့လာခဲ့ရာ နန်းတပ်ချောင်းရဲ့ တည်နေရာကို Power Point ဖြင့်အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။

ဒါကတော့ နန်းတပ်ချောင်းကို ဖြတ်ပြီးဆောက်လုပ်ထားတဲ့ ရွာလယ်တံတားဖြစ်ပါတယ်။ ဒါကတော့ နန်းတပ်ချောင်းပေါ် တံတားပေါ်ကနေပြီးတော့မှ ချောင်းရိုးကို ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ (၁)ဖာလုံခန့်အကွာမှာမြင်ရတဲ့ ချောင်းရေဖြစ်ပါတယ်။ ဒါကတော့ သစ်တုံး၊ မိုးတွင်းမှာ မျောပါလာတဲ့ သစ်တုံးတွေရှိတာဖြစ်ပါတယ်။ ဒါကတော့ စီးဆင်းနေတဲ့ နန်းတပ်ချောင်းရေဖြစ်ပါတယ်။ အဲလိုမျိုး အဲဒီအတိုင်းတွေလည်းရှိပါတယ်။ ချောင်းရိုးထဲမှာ ဒါကျွန်တော်တို့ ဒီသစ်ပင်ကနေပြီးတော့မှ ဟိုဘက်ကမ်းကို ကျွန်တော်တို့ ဆည်ဆောက်မယ့်နေရာဖြစ်ပါတယ်။ ဆောက်လို့ရှိရင် အဲဒီနေရာဆောက်ရမှာဖြစ်ပါတယ်။ သူရဲ့အထက်ဘက်မှာတော့ ဒါ ရေဝပ်ရေလှောင်ဧရိယာ (၂)မိုင်ဝန်းကျင်ခန့်ရှိပါတယ်။ ဒါကတော့ ဆည်ဆောက်လုပ်ပြီးလို့ရှိရင် ကျွန်တော်တို့ ဝဲဟတ်ကျေးရွာအုပ်စုတစ်စုလုံးမှာရှိတဲ့ လယ်ယာမြေ ဧက(၇၀၀)ကို စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ဒါကတော့ အခြေခံပညာ မူလတန်းကျောင်းလေး ဖြစ်ပါတယ်။


လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနန်းတပ်ချောင်းကို တစ်ဖက်ရပ်ဆည် တည်ဆောက်မယ်ဆိုရင် ပညာရှင်မပါဘဲ တည်ဆောက်လို့မရနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုလို့ရှိရင် ဆည်အောက်မှာ ရွာရှိနေတဲ့အတွက်ကြောင့်မို့ ကျွမ်းကျင်တဲ့ပညာရှင်နဲ့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ သဘာဝရေအရင်းအမြစ်ဖြစ်တဲ့ နန်းတပ်ချောင်းရေကို ဒေသခံပြည်သူများ၏ တင်ပြချက်အရ ဖော်ပြပါမေးခွန်း(၂)ခုကို မေးမြန်းလိုပါတယ်ခင်ဗျား။ (က) နန်းတပ်ကျေးရွာမှ (၅)ဖာလုံခန့်

အကွာတွင် နန်းတပ်ချောင်းအား တစ်ဖက်ရပ်ဆည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ။ (ခ)တစ်ဖက်
ရပ်ဆည် တည်ဆောက်မည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ပေးမည်ကို
ဒေသခံပြည်သူများကိုယ်စား သိရှိလိုပါ၍ ဥက္ကဌမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်
ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

နန်းတပ်ကျေးရွာနှင့် တစ်ဖာလုံခန့်အကွာ နန်းတပ်ချောင်းပုံ (၄၄)




နန်းတပ်ချောင်းမှ မိုးတွင်းရေးများချိန် မျှောပါလာသော သစ်တုံးပုံ (၄၄-၁)



နန်းတပ်ရှုခင်း နှင့် တစ်ဖက်ရပ်ဆည် တည်ဆောက်မည့်နေရာပုံ (၄၄-၂)



**မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD) ဖွဲ့စည်းခြင်းနှင့် ဆက်စပ်သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် က မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD) ဖွဲ့စည်းခြင်းနဲ့ ဆက်စပ်တဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ မေးမြန်းလိုသော မေးခွန်းက မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီ (MNCOLD) ဖွဲ့စည်းခြင်းနဲ့ ဆက်စပ်သည့် မေးခွန်းများ ဖြစ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့်ရဲ့ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခွင့်နဲ့ International Commission On Large Dams (ICOLD) အသင်းဝင်အဖြစ် ပါဝင်ခွင့်ရရှိရေးအဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ

ထောက်ခံဆွေးနွေးခဲ့ကြပြီး ၁၃-၉-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှ အဆိုကို အတည် ပြု ခဲ့ပြီး ဖြစ်ပါတယ်။ တင်ပြပါအဆိုအတည်ဖြစ်ခဲ့သည့် နေ့မှစ၍ ယနေ့ထိဆိုလျှင် (၃)နှစ် နှင့် (၆)လ ကျော်ကြာမြင့်ပြီ ဖြစ်ပါသောကြောင့် ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သော အဆိုကို (၃)နှစ်နှင့် (၆)လကျော်အကြားတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များ မည်သည့် အဆင့်သို့ ရောက်ရှိနေသည်ကို သိရှိလိုပါသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ (ICOLD) အသင်းဝင်ခွင့်နဲ့ (MNCOLD) ဖွဲ့စည်းပုံနဲ့ပတ်သက်၍ ကျွန်တော့်အနေနဲ့ စုံစမ်းသိရှိရသလောက် ဦးမျိုးမြင့်တင်သွင်းခဲ့သော အဆိုဟာ လယ်ယာစိုက်ပျိုးရေး နဲ့ ဆည်မြောင်းဝန်ကြီးဌာနနဲ့ သက်ဆိုင်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနကို Focal Ministry အဖြစ် သတ်မှတ်ကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ ၂၂-၈-၂၀၁၃ ရက်စွဲပါ၊ စာအမှတ်-၅၀၆(၃၅၅)/၁၂/ဖြင့် လူမှုရေးအသင်းအဖွဲ့တစ်ရပ်အဖြစ် ဖွဲ့စည်း ဆောင်ရွက်သွားရန် ခွင့်ပြုခဲ့ကြောင်းကို အကြောင်းပြန်ကြားကြောင်း စုံစမ်းသိရှိရပါတယ် ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တင်ပြလိုတာကတော့ အမျိုးသားလွှတ်တော်သို့ အဆိုရှင် ဦးမျိုးမြင့် တင်ပြခဲ့တဲ့ အဆိုရဲ့အနှစ်သာရမှာ ပညာရပ်ပိုင်းဆိုင်ရာ ပြဿနာအခက်အခဲများ (Technical Problems and Issues)/(Technical Challenges)များကို ဖြေရှင်းနိုင်ရန်အတွက် ဒီလိုဖြေရှင်းတဲ့အပေါ်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်(ICOLD)ရဲ့အဖွဲ့ဝင် ဖြစ်လာပါက ကျွမ်းကျင်မှု ပိုင်းဆိုင်ရာ အကြံဉာဏ်များရရှိနိုင်ခြင်း၊ အခြားကမ္ဘာ့အဖွဲ့ဝင်နိုင်ငံများနှင့် ပညာရပ်ပိုင်းဆိုင်ရာ တွေ့ဆုံ နှီးနှောဖလှယ် ခြင်းများ၊ အကြံဉာဏ်ရယူခြင်းများ၊ သုတေသနလေ့လာတွေ့ရှိချက်များကို မျှဝေရရှိနိုင်ခြင်း၊ ဘာသာရပ် ဆိုင်ရာစာအုပ်စာတမ်းများ ပုံမှန်ရရှိနိုင်ခြင်း၊ ပြည်တွင်းရှိ အင်ဂျင်နီယာများ နိုင်ငံတကာသို့ ဝင်ဆံ့နိုင်ရန်၊ လမ်းပွင့်စေရန် စသည့် ရည်ရွယ်ချက်၊ မျှော်မှန်းချက်များနှင့် ဖွဲ့စည်းခွင့် အသင်းဝင်ခွင့် တောင်းခံခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတရုံးမှ လူမှုရေးအဖွဲ့အစည်းဖြင့် ဖွဲ့စည်းရန် ခွင့်ပြုမိန့်ချပေးသော ကြောင့် သိရသောအခါလည်း ရည်ရွယ်ချက်နှင့် များစွာကွာခြားနေကြောင်းသိရ၍ စိတ်မကောင်းဖြစ်ပါ တယ်။ အဓိက က ဒီ(ICOLD) ကိုဝင်ခွင့်ရရင် ခေတ်မီ Dam Engineering နည်းပညာဖလှယ်တဲ့ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီးတော့ မြန်မာနိုင်ငံရဲ့ Dam တည်ဆောက်မှုလုပ်ငန်းများမှာ အများ ကြီး တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ (ICOLD)ဟာ ကျွန်တော်တို့ NGO အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ (ICOLD) ကိုဝင်ခွင့်လျှောက်ထားတဲ့ (MNCOLD) မြန်မာနေရှင်နယ် ကော်မတီက လည်း NGO အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာ လူမှုရေးအဖွဲ့အစည်းတော့ မဟုတ်ပါ ဘူး။ ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်းဖြစ်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခွင့်ပြုရန် အမျိုးသားလွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်သွင်းခဲ့သော တမံကြီးများနှင့် ဆက်စပ်သည့် ပညာရပ်ပိုင်း၊ ဘာသာရပ် ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်စေရေး၊ ဖွံ့ဖြိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် မျှော်လင့်ချက်များနှင့် အမျိုးသားလွှတ်တော်မှတစ်ဆင့် တင်သွင်းခဲ့သော အဆိုဖြစ်ပါတယ်။ မြန်မာနိုင်ငံ တမံကြီးများ ကော်မတီ (MNCOLD) ဖွဲ့စည်းဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ခံ ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ရပြီး (MNCOLD) သည် နည်းပညာဖွံ့ဖြိုးမှု အထောက်အကူများ

ကျွန်တော်တို့ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် MNCOLD ဟာလည်း Semi-Government Organization တစ်ခု အဖြစ် ယူဆလို့ရပါတယ်။ လူမှုရေးအဖွဲ့အစည်းပုံစံမျိုး တင်သွင်းခဲ့ခြင်း မဟုတ်ကြောင်းကို ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (MNCOLD) ဖွဲ့စည်းခွင့်နှင့် (ICOLD) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရေးတို့ကို ကျွန်တော်တို့ အဆင့်ဆင့်လျှောက်ထားခဲ့ရာ သမ္မတရုံးမှ သဘောတူညီခဲ့သဖြင့် (MNCOLD) ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖွဲ့စည်းခြင်းနှင့်အတူ (ICOLD) ဌာနချုပ်ကိုလည်း ဆက်လက်ပြီးတင်ပြလျှောက်ထားခဲ့ပါတယ်။ ကျွန်တော်တို့ (၈၂)ကြိမ်မြောက် (ICOLD) အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပတဲ့ (၈၂)ကြိမ်မြောက် (ICOLD) ရဲ့ General Assembly ကနေပြီးတော့ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာကော်မတီ (MNCOLD) ကို (၉၇)နိုင်ငံမြောက် အဖွဲ့ဝင် နိုင်ငံအဖြစ် လက်ခံခဲ့ကြောင်းကိုလည်း သိရှိပါတယ်။

ယင်းကဲ့သို့ (ICOLD) မှ လက်ခံပြီးနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနသို့ အသင်းဖွဲ့စည်းခွင့် ထောက်ခံတင်ပြခဲ့တာ ယနေ့ထိ ခွင့်ပြုချက် မရရှိသေးကြောင်းကိုလည်း သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ (ICOLD) အဖွဲ့ချုပ်မှ အဖွဲ့ဝင် မှတ်ပုံတင်ကြေးများ၊ နှစ်စဉ်ကြေးများကို တောင်းခံလျက်ရှိကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ (ICOLD) လိုပဲ အလားတူ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ International Commission on Irrigation and Drainage (ICID) ဆိုတဲ့ International အဖွဲ့အစည်းတစ်ခုကိုလည်း ဆည်မြောင်းဦးစီးဌာန စတင်တည်ထောင်ကတည်းက ဝင်ခဲ့ပြီးတော့ နှစ်စဉ်ကြေးများကိုလည်း ဆည်မြောင်းဦးစီးဌာနကပဲ ပေးသွင်းခဲ့ကြောင်းကို သိရှိရပါတယ်။ ယခု (MNCOLD) ဟာလည်း (ICID) ဆိုတဲ့ International Commission on Irrigation and Drainage (ICID) နဲ့ ပုံသဏ္ဍာန်တူ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ (MNCOLD) ရဲ့ သွင်းရမယ့် နှစ်စဉ်ကြေးတွေ၊ မှတ်ပုံတင်ကြေးတွေကိုတော့ အသင်းဝင်၊ အဖွဲ့ဝင်များ ပေးသွင်းထားတဲ့ ရန်ပုံငွေများကပဲ ကျွန်တော်တို့ သွင်းနေကြကြောင်း သိရှိရပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ အတည်ဖြစ်ခဲ့တဲ့ (MNCOLD) ဖွဲ့စည်းရေး အဆိုဟာ ယခု (၁၂)ကြိမ်မြောက်အစည်းအဝေးထိ ပီပြင်မှု မရှိသေးဟု ယူဆမိပါသဖြင့် ကျွန်တော့်အနေနဲ့ မေးခွန်း (၃)ခုကို မေးမြန်းလိုပါတယ်ခင်ဗျား။ ပထမမေးခွန်းက (MNCOLD) ဖွဲ့စည်းခွင့်နှင့် (ICOLD) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရေးသည် အမျိုးသားလွှတ်တော်တွင် အတည်ပြုထားခဲ့သော အဆိုဖြစ်ပါသည်။ (MNCOLD) သည် လူမှုရေးအသင်းအဖွဲ့တစ်ရပ်မဟုတ်ဘဲ အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအထောက်အကူပြု အမျိုးသားကော်မတီအဖြစ်လည်းကောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ခံ ဝန်ကြီးဌာနအဖြစ် နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုပြီး ဖြစ်၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ အသင်း ဖွဲ့စည်းခွင့် မှတ်ပုံတင်ခွင့် ထပ်မံလျှောက်ထားရန် လိုအပ်/မလိုအပ်ဆိုတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ တမံကြီးများဆိုင်ရာ ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီ MNCOLD ကို အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် (ICOLD) မှ (၉၇) နိုင်ငံမြောက် အဖွဲ့ဝင် နိုင်ငံအဖြစ်

အသိအမှတ်ပြုပြီး ဖြစ်ပါသည်။ ပြောရင်တော့ လူမှုရေး NGO အဖွဲ့အစည်း မဟုတ်ပါဘူး။ NGO များမှာ အလုပ်အမှုဆောင်များမှာ နိုင်ငံ့ဝန်ထမ်း များကို ပါဝင်ခွင့် မပြုဘူးလို့ သိရပါတယ်။ (MNCOLD) မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပညာရပ်နဲ့ဆက်သွယ်ဖို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန Focal Ministry ဖြင့် တာဝန်ယူထားတဲ့ အတွက်ကြောင့် Semi-Government Or ganiaztion လည်း ဖြစ်ပါတယ်။ ဒါကြောင့် (MNCOLD) ရဲ့ အလုပ်အမှုဆောင် အဖွဲ့မှာ သင့်လျော်တဲ့ နိုင်ငံ့ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းခွင့် ရှိ/ မရှိ သိလိုကြောင်း ဒုတိယမေးခွန်းဖြစ်ပါတယ်ခင်ဗျား။

တတိယမေးခွန်း အနေနဲ့ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Chairman အဖြစ် ဆောင်ရွက်ခဲ့တဲ့ ICID Myanmar အပြည်ပြည်ဆိုင်ရာ ဆည်မြောင်းများနှင့် ရေနုတ်မြောင်းကော်မတီ ICID ဌာနချုပ်သို့ နှစ်စဉ်ကြေး ပေးသွင်းရေးများကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ခံ ပေးသွင်းသည့်နည်းတူ ဟု MNCOLD မှ ICOLD သို့ ပေးသွင်းရမည့် မှတ်ပုံတင်ကြေးနဲ့ နှစ်စဉ်ကြေးများကို ဆည်မြောင်းဦးစီးဌာနက ပေးသွင်းပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့တွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း က ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ထားရှိပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းနဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးများ ကော်မရှင်အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိ ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေကြောင်းဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)ဝိုင်းမော်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခွင့် ရရှိတဲ့အတွက်ကြောင့် အထူးပဲ ကျေးဇူးဥပကာရ တင်ရှိကြောင်း ဦးစွာ ပြောလိုပါတယ်။ မေးခွန်းကတော့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ စိုက်ဘဏ် ထားရှိပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို မေးမြန်းရရှိခြင်းရဲ့ အကျိုးအကြောင်းကို အနည်းငယ် တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံလိုပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေးတွင် မိမိတို့ ဝိုင်းမော်မြို့နယ် ပြည်သူများဟာ မြစ်ကြီးနားမြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်သို့ သွားလာမှု အခက်အခဲရှိကြောင်း လွှတ်တော်မှ တင်ပြချက်အရ ချက်ချင်းဆိုသလိုပဲ ဝိုင်းမော်မြို့ကနေပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲကို ပြောင်းရွှေ့ ခွင့်ပြုတာနဲ့အညီ ယခု အချိန်မှာ

ဝိုင်းမော်မြန်မာ့စီးပွားရေးဘဏ်နဲ့ ငွေစု ရရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်သူများ အင်မတန်မှ ကျေနပ်အားရဖွယ်ရှိတဲ့အကြောင်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက တစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကျေးဇူးဥပကာရ တင်ရှိကြောင်း ဦးစွာပြောလိုပါတယ်။ အလားတူပဲ မိမိတို့ ဝိုင်းမော်မြို့နယ်ဟာ တောင်သူလယ်သမားများ လူထုလူတန်းစား များပြားတဲ့အတွက် စိုက်ပျိုး လယ်ဧကမှာလည်း (၄၅၀၀၀) ခန့်ရှိတဲ့ မြို့နယ်လည်း တစ်ခု ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းပဲ လယ်လုပ်သူ တောင်သူများကို နိုင်ငံတော်ရဲ့ စေတနာဖြင့် မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ် ပြည်နယ်မှနေပြီးတော့ တစ်ဧက (၁)သိန်းနှုန်းဖြင့် ထုတ်ချေးပေးသောကြောင့် ပြည်သူလူထု တောင်သူလယ်သမားများမှာ များစွာပဲ အကျိုးရှိရှိ ထိရောက်စွာ အောင်မြင်ကြောင်းလည်းပဲ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးတင်ပြမေးမြန်းလိုတာက မြို့နယ်ပြည်သူ များအား အဆိုပါချေးငွေ ထုတ်ယူ ခံစားနိုင်ရန်အတွက် ဝိုင်းမော်မြို့နယ် မှ (၁၈)မိုင် ရှိတဲ့ မြစ်ကြီးနား ပြည်နယ်ရုံးအထိ စိုက်စရိတ်ထုတ်ချိန် ပြန်လည်ပြီးတော့ ပေးဆပ်ချိန်တွင် အဖွဲ့လိုက် ဝိုင်းကြီးချုပ် ပုံစံဖြင့် (၁၀)ဦးတစ်ဖွဲ့ ဖြစ်ပြီးတော့မှ အဖွဲ့အလိုက်ပဲ ကျွန်တော်တို့ ရပ်ကျေးအုပ်ချုပ်ရေးများနဲ့အတူ လူစုပြီး တော့မှ (၁၈) မိုင်ရှိတဲ့ မြစ်ကြီးနားမြို့ကို ကုန်းကြောင်းနဲ့ လေကြောင်း၊ ရေကြောင်း စက်လှေနဲ့တစ်ဖုံ သုံးဘီးကားနဲ့တစ်ဖုံ သွားပြီးတော့မှ အသက်ကြီးတဲ့ တောင်သူလယ်သမားများဟာ မြစ်ကြီးနား စိုက်ဘဏ် မှာ သွားပြီးတော့ ငွေထုတ်ချေးရတဲ့ အနေအထား ရှိပါတယ်။ အဲဒါကို ကြည့်တဲ့အခါမှာ သွားလာဖို့ ခက်ခဲတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ တောင်သူလယ်သမားများ စိုက်စရိတ် လွယ်ကူစွာ ထုတ်ယူ ခံစားနိုင်ရန်အတွက် ဝိုင်းမော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး စိုက်ဘဏ်ကို ကျွန်တော်တို့ ဝိုင်းမော်မြို့ ပေါ်မှာ ထားရှိပေးဖို့ အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးရဲ့ မေးမြန်းချက်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ တစ်ခုချင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ရဲ့ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးအောင်ချစ်လွင် ရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း

မြို့နယ်၊ ဝဲဟာတ်ကျေးရွာအုပ်စု နန်းတပ်ကျေးရွာကို ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နန်းတပ်ချောင်းဟာ မွန်ဖူးအင်းမှတစ်ဆင့် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်ပါတယ်။ နန်းတပ်ချောင်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ လယ်ယာမြေဧရိယာ (၅၅၀)ဧကခန့်ဟာ နန်းတပ်ချောင်းရေနဲ့ စပါးစိုက်ပျိုးလျက်ရှိပါတယ်။ နန်းတပ်ချောင်းကို တမံပိတ်၍ ရေပေးဝေမည်ဆိုပါက လက်ရှိဧကအပြင် လယ်ယာမြေဧက (၁၅၀)ခန့်ကို တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းစီမံခန့်ခွဲမှု သဘောအရ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ သို့ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေတင်ပြ တောင်းခံထားခြင်း မရှိသေးပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ MNCOLD ဖွဲ့စည်းခွင့်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနသို့ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် မှတ်ပုံတင်ရန် လိုအပ်၊ မလိုအပ် ဆိုတဲ့ ပထမမေးမြန်းချက်ကို ကျွန်တော် ရှင်းလင်းတင်ပြပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် မှ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာတမံကြီးများ ကော်မရှင်သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရေး အဆိုကိုတင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာန Focal Ministry အဖြစ် သမ္မတရုံးမှ ခွင့်ပြုပြီးနောက် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခွင့်ပြုရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ ၂-၈-၂၀၁၃ နေ့တွင် စတင်ညှိနှိုင်း ခဲ့ပါတယ်။ ယခုအခါတွင် ICOLD ရဲ့ (၉၇)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုပြီးလည်း ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အကြောင်းကြားချက်အတိုင်း လိုအပ်ချက်များကို အကြိမ်ကြိမ် ဖြည့်စွက်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီးနောက် အသင်းအဖွဲ့ တည်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ၂၂-၄-၂၀၁၄ ရက်နေ့တွင် အပြီးသတ် လျှောက်လွှာတင်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့မှ ၂၇-၂-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ အသင်းဖွဲ့စည်းခွင့်ကို ယာယီမှတ်ပုံတင်လက်မှတ် (ပြည်တွင်း/၀၀၁၅) ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ MNCOLD အဖွဲ့မှာ အလုပ်အမှုဆောင်အဖွဲ့အနေနဲ့ သင့်လျော်တဲ့ နိုင်ငံ့ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းခွင့် ရှိ/မရှိ သိလိုခြင်းကိစ္စကို ကျွန်တော် ရှင်းလင်းတင်ပြပါမယ်။ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ MNCOLD သည် ပြည်တွင်း လူမှုရေး အသင်းအဖွဲ့အဖြစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီမှတ်ပုံတင်၍ လှုပ်ရှားဆောင်ရွက်မည် ဖြစ်သဖြင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ အခန်း (၉) ပုဒ်မ ၃ တွင် မည်သည့်နိုင်ငံ့ ဝန်ထမ်းမဆို ဤဥပဒေအရ ဖွဲ့စည်းထားသော အသင်းအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင်သည်ဟူ၍ ပြဋ္ဌာန်းချက်အရ MNCOLD ၏ အလုပ်အမှုဆောင်အဖွဲ့တွင် သင့်လျော်သည့်

နိုင်ငံ့ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းခွင့်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ဖြေကြားအပ်ပါတယ်ခင်ဗျား။

တတိယမေးမြန်းချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြပါမယ်။ မြန်မာနိုင်ငံ ဆည်မြောင်းများနှင့် ရေနုတ်မြောင်းများ ကော်တီ MMCID ၏ နှစ်စဉ်ကြေးပေးသွင်းလျက်ရှိသည့်နည်းတူ MNCOLD ၏ နှစ်စဉ်ကြေးများ ပေးသွင်းမည့် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းခြင်း ဖြစ်ပါတယ်။ MNCOLD သည် ICOLD တို့ မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးများကို ကော်မတီရန်ပုံငွေအဖြစ် ၂၀၁၅ ခုနှစ်အထိ ပေးသွင်းပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် နောက်ပိုင်းပေးသွင်းရမည့် နှစ်စဉ်ကြေးမှစ၍ ဆည်မြောင်း ဦးစီးဌာန ရန်ပုံငွေမှ ကျခံပေးသွင်းနိုင်ရေးကို နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ တတိယမေးမြန်းချက်ကို ရှင်းလင်းတင်ပြပါမယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ရဲ့ မေးမြန်းချက်ဖြစ်ပါတယ်။ ကချင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ (၅)ခု ဖွင့်လှစ်ထားရှိပြီး ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝိုင်းမော်မြို့နယ်တွင် မြို့နယ်ဘဏ်ခွဲ ဖွင့်လှစ်ထားခြင်း မရှိသော်လည်း မြစ်ကြီးနားမြို့နယ် ဘဏ်ခွဲက ပူးတွဲတာဝန်ယူပြီး မိုးရာသီချေးငွေနှင့် ဆောင်းရာသီချေးငွေတို့ကို ထုတ်ချေးပေးလျက်ရှိပါတယ်။ ဝိုင်းမော်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု (၁၈)စုရှိ တောင်သူလယ်သမား (၃၅၉၄)ဦးကို မြစ်ကြီးနားဘဏ်ခွဲက အဆင်ပြေအောင် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများအနေဖြင့် မြစ်ကြီးနားဘဏ်ခွဲသို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် မလိုဘဲ ဝိုင်းမော်မြို့နယ်ဌာဘာ ဘဏ်၏ အစီအစဉ်ဖြင့် ချေးငွေထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘဏ်ခွဲအသစ်တစ်ခု ဖွင့်လှစ်ရန်အတွက် ဝန်ထမ်းဖွဲ့စည်းပုံ ရရှိရေးနှင့် ဝန်ထမ်းခန့်ထားရေး မြေနှင့် အဆောက်အဦ ရရှိရေးနှင့် ဘတ်ဂျက်ရန်ပုံငွေ ရရှိရေးများ လိုအပ်ပါတယ်။၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဝိုင်းမော်မြို့နယ် ဘဏ်ခွဲအသစ် ဖွင့်လှစ်ရေးအတွက် ဘတ်ဂျက် ရန်ပုံငွေ ထည့်သွင်းတောင်းခံထားခြင်း မရှိပါ။ ဝိုင်းမော်မြို့နယ်အတွက် ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်း မရှိသော်လည်း တောင်သူလယ်သမားများ ချေးငွေရရှိရေးအတွက် မြစ်ကြီးနား မြို့နယ်ဘဏ်ခွဲမှ ပူးတွဲတာဝန်ယူဆောင်ရွက်ပေးနေသည့်အတွက် လတ်တလောတွင် ဝိုင်းမော်မြို့နယ် ဘဏ်ခွဲအသစ် ဖွင့်လှစ်ပေးမည့် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ၁၉-၂-၂၀၁၅ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၅-၂-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်ကပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၄-၂၀၁၅ ရက်(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ဟာ အင်မတန်မှအရေးကြီးတဲ့ ကဏ္ဍမှာ ပါဝင်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနဲ့အညီ ပြင်ဆင်ရန်လုပ်ငန်းများ၊ ဆောင်ရွက်ရန်လုပ်ငန်းများ၊ ဆုံးဖြတ်

ရန် လုပ်ငန်းများတို့နဲ့ ပတ်သက်ပြီး အချိန်မီဆောင်ရွက်ရတဲ့ လုပ်ငန်းများ အစဉ်အမြဲရှိသလို တာဝန်ယူမှု (Responsibility) တာဝန်ခံမှု (Accountability)တို့လည်း အပြည့်အဝရှိဖို့ လိုအပ်တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဟာ ပြည်ထောင်စုအဆင့် ဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ လစာ၊ ချီးမြှင့်ငွေ၊ စရိတ်ငွေနဲ့ အဆောင်အယောင်များ ရရှိကြပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်တွင် နိုင်ငံ့ဝန်ထမ်း(၉)ဦးနဲ့ အရပ်ဘက်မှ(၆)ဦး စုစုပေါင်းအဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းထားတာကို တွေ့ရှိရပါ တယ်။ နိုင်ငံ့ဝန်ထမ်း(၉)ဦးဟာ သက်ဆိုင်ရာ လစာများ ရရှိခံစားကြပေမယ့် အရပ်ဘက်မှ (၆)ဦးဟာ လစာချီးမြှင့်ငွေနဲ့ စရိတ်ငွေများ မရရှိကြတာကို တွေ့ရှိရပါတယ်။ အရပ်ဘက်မှာ ပါဝင်တဲ့ ကော်မရှင် အဖွဲ့ဝင်များဟာလည်း ထိုက်သင့်တဲ့ လစဉ်ချီးမြှင့်ငွေနဲ့ စရိတ်များကို ရရှိခံစားသင့်သည်ကို သုံးသပ်တွေ့ရှိရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည်လည်း ဥပဒေနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ရှိပါက ပေးသင့်သည် ဟု လွှတ်တော်တွင် ဖြေကြားထားသည်ကို သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၉(ခ)နဲ့(ဂ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေစာရွက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးထံ ဝေငှထားပြီး ဖြစ်ပါသဖြင့် အချိန်ငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်သွင်းခြင်း မပြုတော့ကြောင်းကို လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ဖြစ်ပါ၍ အထက်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ကျွန်မ ဒေါ်နန်းနီနီအေး က ထောက်ခံပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် -

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။]

သဘောမတူသူမရှိတဲ့အတွက် ဦးခက်ထိန်နန် တင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၂ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)ကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် ပညာရှင်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပြီးတော့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဝင် တစ်ဦး ဖြစ်ပါတယ်။ တိုင်ကြားစာကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ(၁/၂၀၁၅)ကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာများကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးကိုလည်း ဖြန့်ဝေထားပြီးဖြစ်တဲ့အပြင် အချိန်ကို ငဲ့ကွက်တဲ့အနေနဲ့ အချို့ကိစ္စရပ်များကိုပဲ အကျဉ်းချုပ်အားဖြင့် ဖတ်ကြားတင်သွင်းဖို့ ဥက္ကဋ္ဌကြီးအား ကြိုတင်ပြီးတော့ ခွင့်ပန်ကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော်<br>ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏<br>လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁ /၂၀၁၅)

နိဒါန်း

၁။ ပြည်သူများက အမျိုးသားလွှတ်တော်သို့ အားကိုးကြီးစွာဖြင့် တင်ပြလာတဲ့ တိုင်ကြားစာများကို ဥပဒေနှင့်အညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက်၊ လွှတ်တော်ကဖော်ဆောင်ရွက် ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများထံမှ ပေးပို့လာသော တိုင်ကြားစာများကို လက်ခံ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရည်ရွယ်ချက်

၂။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများက တင်ပြလာသော တိုင်ကြားစာများ၊ အသနားခံစာများကို စိစစ်လေ့လာ၍ ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုတင်ပြချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး ဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့် အညီ ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စု ရှေ့နေချုပ် တို့ထံသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန် အမှုတွဲနှင့်အတူ ပေးပို့လျက် ရှိပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများထံမှ ပြန်ကြားစာများရရှိပါက သက်ဆိုင်ရာကာယကံရှင်များထံ ကျိုးကြောင်းဖော်ပြချက်နှင့်အတူ ပြန်ကြားပေးလျက်ရှိပါသည်။ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ပါရန် ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သို့ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

ကော်မတီဖွဲ့စည်းခြင်း

၃။ အမျိုးသားလွှတ်တော်သည် ပြည်သူတို့၏ နစ်နာချက်များ၊ တိုင်ကြားချက်များကို အမှန်တရားပေါ်ပေါက်စေရန် အတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လေ့လာဆောင်ရွက် ပေးနိုင်ရန်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည် -

အသေးစိတ်ကို အစီရင်ခံစာမှာ ဖော်ပြထားပြီးဖြစ်တဲ့အတွက် အကျဉ်းချုပ်အားဖြင့်ပဲ တင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီကို ၈-၈-၂၀၁၁ နေ့တွင် စတင်ဖွဲ့စည်းပြီးတော့ နှစ်အလိုက် ပြင်ဆင်ဖွဲ့စည်းခြင်း (၄)ကြိမ်၊ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း (၁)ကြိမ်၊ တိုးချဲ့ဖွဲ့စည်းခြင်း (၁)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ အခုအချိန်မှာ ကော်မတီဝင် (၁၂)ဦးနဲ့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီ၏လုပ်ငန်းတာဝန်များ

၄။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်သူတို့က လွှတ်တော်သို့ အားကိုးကြီးစွာဖြင့် တင်ပြလာသော တိုင်ကြားစာများ၏ မှန်ကန်မှုကို လေ့လာစိစစ်ရမည်။

( ခ) တရားရုံးတစ်ခုခုက ဆုံးဖြတ်ချက် ချမှတ်ရခြင်းမပြုရသေးသော ကိစ္စများမှအပ မှန်ကန်သော တိုင်ကြားချက်များအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း အပါအဝင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဖြေရှင်းပေးရမည်။

( ဂ) မှန်ကန်မှုမရှိသော တိုင်ကြားစာများအတွက် လိုအပ်သလို ရှင်းလင်း ပြန်ကြားပေးရမည်။

(ဃ) တိုင်ကြားစာများအနက် ပြည်သူအကျိုးစီးပွား ထိခိုက်နေတဲ့ ကိစ္စရပ်များဖြစ်ကြောင်း လေ့လာတွေ့ရှိပါက လိုအပ်လျှင် လွှတ်တော်သို့ အဆိုတင်ပြရမည်။

(င) ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် လိုအပ်ပါက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့၍လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် သမ္မတထံ သဝဏ်လွှာများ ပေးပို့၍လည်းကောင်း အသိပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်နိုင်ရေး ဆောင်ရွက်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၅။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌထံသို့ တင်ပြလာတဲ့ တိုင်ကြားစာများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန / အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းနိုင်သည်။

(ခ) ကော်မတီသည် တရားရုံးတစ်ခုခုက ဆုံးဖြတ်ချက် ချမှတ်ခြင်းမပြုသေးတဲ့ ကိစ္စများမှအပ မှန်ကန်သော တိုင်ကြားစာများအတွက် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်တကွ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ အမှုတွဲနှင့်တကွ လွှဲပြောင်းပေးပို့သွားရပါမည်။

(ဂ) ကော်မတီသည် တိုင်ကြားစာများအနက် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စများဖြစ်ပါက သက်ဆိုင်ရာနေရာဒေသသို့ ကွင်းဆင်း လေ့လာနိုင်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့်အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်း တင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။ လေ့လာစုံစမ်းတွေ့ရှိချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာ အမှုတွဲနှင့်တကွ ပြည့်စုံစွာ ပြုစုတင်ပြရမည်။

(ဃ) တိုင်ကြားစာပေးပို့သူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်း အကြောင်းပြန်ကြားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံမှဖြေရှင်းဆောင်ရွက်ပြီး စိစစ်မှုအခြေအနေကို အမျိုးသားလွှတ်တော်သို့ အကြောင်းကြားလာပါက ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီအနေဖြင့် သက်ဆိုင်သူများထံ အကြောင်း ပြန်ကြားပေးရမည်။

လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ

၆။ ကော်မတီသည် ပေးအပ်ထားသော တာဝန်များနှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည် -

(က) အစီရင်ခံစာများ တင်သွင်းခြင်း။ ။ အကျဉ်းချုပ်ကိုပဲ ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်၊ ဆဋ္ဌမပုံမှန်

အစည်းအဝေးနဲ့ နဝမပုံမှန်အစည်းအဝေးများမှာ အစီရင်ခံစာ (၁)ကြိမ်စီ တင်သွင်းနိုင်ခဲ့ပါတယ်။

( ခ) အဆိုများ တင်သွင်းခြင်း။ ။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အဆို(၂)ရပ်၊ စတုတ္ထပုံမှန်အစည်းအဝေးမှာ အဆို(၄)ရပ်၊ သတ္တမပုံမှန်အစည်းအဝေးမှာ အဆို(၁)ရပ် စုစုပေါင်း အဆို(၇)ရပ် တင်သွင်းခဲ့ပါတယ်။ ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း (၅)ရပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း (၂)ရပ်တို့ ဖြစ်ပါတယ်။

( ဂ) သတင်းစာရှင်းလင်းပွဲ ကျင်းပခြင်း။ ။ သတင်းစာရှင်းလင်းပွဲ ကျင်းပတဲ့နေရာမှာ တိုင်ကြားစာကိစ္စနှင့်ပတ်သက်ပြီး ပြည်သူတို့ ကျယ်ပြန့်စွာ သိရှိနိုင်စေရေးအတွက် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ၂၁-၂-၂၀၁၃ ရက်နေ့ (၁၄း၀၀) နာရီအချိန်တွင် အမျိုးသားလွှတ်တော်ရေးရာဆောင်(I - ၁၈) အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ သတင်းမီဒီယာ (၅၁)ဦး တက်ရောက် သတင်းရယူခဲ့ပါသည်။ မီဒီယာများ သိရှိလိုသည်များကိုလည်း ဖြေကြားပေးခဲ့ပါသည်။

(ဃ) ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းခြင်း။ ။ ဒါနဲ့ပတ်သက်လို့ Slide မှာလည်း အပြည့်အစုံ ဖော်ပြထားပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ နေပြည်တော်ကောင်စီနယ်မြေနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခု မေးမြန်းခဲ့ပါတယ်။

( င) ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်း။ ။ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်၊ ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့် ပြုပါရန်ကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်း (၁)ခု၊ နဝမပုံမှန်အစည်းအဝေးမှာ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုကို ကာကွယ်ပေးပါရန် တင်ပြခြင်းကိစ္စနှင့် စပ်လျဉ်းတဲ့မေးခွန်းနဲ့ "ရေလုပ်သားများ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မကြာခဏသေဆုံးပျောက်ဆုံးမှုများ ရှိနေသည့်အတွက် စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူနိုင်ပါရန် တင်ပြအကူအညီ တောင်းခံခြင်းကိစ္စ" နှင့် စပ်လျဉ်းတဲ့မေးခွန်း စုစုပေါင်းမေးခွန်း (၂)ခုကိုလည်းကောင်း၊ ဒသမပုံမှန်အစည်းအဝေးမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထံသို့ လိပ်မူ၍ပေးပို့ထားသော အသနားခံတင်ပြတိုင်ကြားစာအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး၏ ဖြေရှင်းချက်မှာ ကွဲလွဲနေပါ၍ အပြုသဘောဆောင် ထပ်ဆင့်အသနားခံ တင်ပြတိုင်ကြားခြင်းကိစ္စ" နှင့်စပ်လျဉ်းတဲ့မေးခွန်း၊ တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(ခ)တွင် တက်ရောက်ပြီးတော့ ထုတ်ပယ်ခြင်းခံခဲ့ရသော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရှင်အုံးညို့လမ်းတွင် နေထိုင်သူ မောင်ရဲထွဋ်ဝင်း အား ဆေးတက္ကသိုလ်(မကွေး) တွင် ပညာ ဆက်လက်သင်ယူခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိကိစ္စ"နှင့်စပ်လျဉ်းတဲ့မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်နယ်နိမိတ်အတွင်း မြို့ကွက်သစ်များတွင် ငွေသွင်းပြေစာနှင့် မြေကွက်

ချထားပေးသော (စလစ်မြေ)များ ဂရန်အမည်ပြောင်းရာတွင် ခက်ခဲမှု ဖြစ်နေခြင်း ယာယီမှတ်ပုံတင်ကိစ္စ"၊ မိခင်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုအား သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိနိုင်ရန်နှင့် မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးအား အရေးယူပေးနိုင်ပါရန် တင်ပြအကူအညီ တောင်းခံခြင်း ကိစ္စနှင့်စပ်လျဉ်းတဲ့မေးခွန်း၊ "မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်း လျှပ်စစ်နှင့် အီလက်ထရွန်နစ် ကျောင်းသားများ သင်္ဘောတက်နိုင်ရေးအတွက် Work Shop Skill Training သင်တန်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေးကိစ္စ" နှင့် စပ်လျဉ်းတဲ့ မေးခွန်း၊ "ဒုတိယဦးစီးမှူးအလုပ်ကို ပြန်လည်ရလိုကြောင်း အသနားခံ လျှောက်ထား ခြင်းကိစ္စ" နှင့် စပ်လျဉ်းတဲ့မေးခွန်း "ဆောက်လုပ်နေထိုင်ခွင့် လက်မှတ် နှင့် နှစ်(၆၀) မြေငှားဂရန်ရရှိသော နယ်မြေဧရိယာအား သုဓမ္မသီဂီ ဒေါ်စိန်ထွေး မှ အဆင့်မြင့် လုံးချင်းအိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့် ပြုခြင်းနှင့် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာခြင်းတို့အပေါ် သက်ဆိုင်ရာ ဌာနအသီးသီးမှ အဆင့်ဆင့် ဆောင်ရွက်ပေးနေမှုအား ပြန်လည်စိစစ်ပေးပါရန် တင်ပြခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း စုစုပေါင်း မေးခွန်း (၇)ခု မေးမြန်းခဲ့ပါတယ်။

(စ) ကွင်းဆင်းလေ့လာခဲ့သည့် အခြေအနေ။ ။ကွင်းဆင်းလေ့လာခဲ့တာနဲ့ပတ်သက် ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်ကို (၅)ကြိမ်၊ ဧရာဝတီတိုင်း ဒေသကြီး၊ လေးမျက်နှာမြို့ကို (၁)ကြိမ်၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်ကို (၁)ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်သို့ (၁)ကြိမ် စုစုပေါင်း (၈)ကြိမ် ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။

(ဆ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း၊ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့

(၁) စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် ၊ လွယ်မောက်တောင် ဘုရားပွဲ လူသတ်မှုမှာ တရားခံ အစစ်အမှန်အား ရှာဖွေနိုင်သော်လည်း လူသတ်မှု မကျူးလွန်ဘဲ ပြစ်ဒဏ်ကျခံနေရသော မောင်ဝင်းအောင် အား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိရေး ပြန်လည်စိစစ်ပေးပါရန်ကိစ္စနဲ့ပတ်သက်၍ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတထံ အပြစ်ရှိသူထောင်သောင်း လွတ်မြောက် သွားပါစေ အပြစ်မဲ့သူကို ပြစ်ဒဏ် မချမိဖို့ လိုပါသဖြင့် လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာ ပေးပို့ခြင်း၊

(၂) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကံသာကျေးရွာ အုပ်စု၊ ဆွဲမှန်ကျေးရွာ၊ မင်းရာမဈေးတန်း၌ နေထိုင်ကြသော ဈေးဆိုင်နှင့် လူနေအိမ်များအားကျူးကျော်ဟု မတရားဖိနှိပ် ခြောက်လှန့်ပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဖျက်သိမ်းခိုင်းနေခြင်းကိစ္စနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်

အဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းသည် အသင့်လျော်ဆုံး ဖြစ်ပါကြောင်းကို သုံးသပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သမ္မတထံ သဝဏ်လွှာ ပေးပို့ခြင်း၊

(၃) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာ အုပ်စု၊ စားကျက်မြေများနှင့် ပတ်သက်၍ ဤကော်မတီရဲ့ (၉-၁၀-၂၀၁၄) ရက်နေ့မှ (၁၀-၁၀-၂၀၁၄)ရက်နေ့အထိ ကွင်းဆင်း လေ့လာဆောင်ရွက်ခဲ့ရာ ကွင်းဆင်းလေ့လာ ဆောင်ရွက်ချက်အား သုံးသပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သမ္မတထံသို့ သဝဏ်လွှာ ပေးပို့ခြင်း စုစုပေါင်း သဝဏ်လွှာ (၃)ကြိမ် ပေးပို့ခဲ့ပါတယ်။

၇။ တိုင်ကြားစာနှင့်အသနားခံစာများ လက်ခံရရှိမှုနှင့် ဖြေရှင်းဆောင်ရွက်နိုင်မှု အခြေအနေကို ဒါကိုလည်း ကျွန်တော် PowerPoint နဲ့ ဖော်ပြထားပါတယ်။ ၂၀၁၁ ခုနှစ်ကနေပြီး ၂၀၁၄ ခုနှစ်အထိ တိုင်စာစုစုပေါင်း (၁၀၆၈၁)ခု ရရှိခဲ့ရာမှာ လယ်ယာမြေသိမ်းဆည်းရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်းအား (၁၉၈၁)စောင်၊ မိတ္တူသာပေးပို့ခြင်းဖြစ်သော (၆၈၃၆)စောင်နဲ့ ဆောင်ရွက်ရန် မလိုသော တိုင်စာ (၅၇၇၇)စောင် ရှိခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးပို့တဲ့ အမှုတွဲပေါင်း (၁၄၂၄)ခုမှာ (၅၉၂)စောင် ပြန်ကြားစာရရှိပြီးတော့ ပြန်ကြားစာ ရရှိရန်ကျန်တဲ့ အမှုတွဲပေါင်း(၈၃၂)ခု ရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ (၈၁၆)စောင်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ (၁၆)စောင် ကျန်ရှိနေပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်အလိုက်စာရင်းများကို ဇယားနဲ့ဖော်ပြထားပါတယ်။

၈။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီနဲ့ ပြည်သူများထံမှ လက်ခံရရှိသော တိုင်ကြားစာများကို တိုင်ကြားသူများ မနစ်နာစေရေးဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်တို့ထံ လိပ်မူပေးပို့ခဲ့ပါတယ်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်တို့မှ ကော်မတီသို့ အကြောင်းပြန်ကြားချက်များကိုလည်း ကော်မတီက ပြန်ကြားစာကို ကောက်နုတ်၍ ကာယကံရှင်များထံ ပြန်ကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကာယကံရှင်များထံမှလည်း ကော်မတီသို့ ကျေးဇူးတင်ကြောင်း တင်ပြလာသည်များ ရှိပါတယ်။ ကော်မတီသည် ၂၀၁၃ ခုနှစ်၊ မေလ(၂၀) ရက်နေ့ကစ၍ အစုအဖွဲ့များဖြစ်သည့် တရားရေးကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စ၊ နိုင်ငံတော်နှင့် ပြည်သူကိစ္စဟူ၍ ကော်မတီ အဖွဲ့ဝင်များနှင့်ဖွဲ့စည်း၍ ချက်ချင်း၊ အမြန်၊ ပုံမှန်ဟူ၍ ဦးစားပေးအစီအစဉ်အရ စီမံဆောင်ရွက်လျက် ရှိပါသည်။

ပြည်ပနိုင်ငံအခြေစိုက် အဖွဲ့အစည်းများက ကော်မတီသို့ ပေးပို့လာသည့် အမှုတွဲများ

၁၀။ ပြည်ပနိုင်ငံများက ကော်မတီသို့ ပေးပို့လာသည့် အမှုတွဲများအနက် ဆောင်ရွက် ပေးသင့်သည်များကို စိစစ်ဖြေရှင်း ဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံစာ တင်ပြအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ကြားခြင်းကိစ္စရပ်များ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စရပ်များတွင် ကိုယ်တိုင်ဝင်ရောက်စွက်ဖက်မှုများကြောင့် သက်ဆိုင်ရာများကတင်ပြလာသည့်ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါက ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းပေးပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါက အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ အမျိုးသားလွှတ်တော် အခွင့်အရေးကော်မတီသို့ ပေးပို့ခြင်း ဆောင်ရွက်ပါသည်။

ကော်မတီအနေဖြင့် အရေးယူဆောင်ရွက်ခြင်းမပြုသည့် တိုင်ကြားစာအမျိုးအစားများ

၁၂။ ကော်မတီအနေဖြင့်အရေးယူဆောင်ရွက်ခြင်းမပြုသည့် တိုင်ကြားစာများမှာ

(က) နိုင်ငံတော်သမ္မတထံလိပ်မူပေးပို့ပြီး ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်၊ ဥက္ကဋ္ဌ ပြည်သူ့တို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီသို့ မိတ္တူပေးပို့ထားသည့် တိုင်ကြားစာများနှင့် အသနားခံစာများ၊

(ခ) နိုင်ငံတော်သမ္မတနှင့် အခြားဝန်ကြီးဌာနများသို့ တစ်ပြိုင်တည်း လိပ်မူ ပေးပို့သောစာများ၊

(ဂ) တရားရုံးတွင် ရင်ဆိုင်နေဆဲ ၊ အမှုမပြီးပြတ်သေးသော တိုင်စာ/အသနားခံ စာများ၊

(ဃ) ကာယကံရှင်က ဥပဒေနှင့်အညီ ကိုယ်တိုင်တရားစွဲဆိုရမည့် ကိုယ်တိုင်ဆောင်ရွက်ရမည့် တိုင်စာ/အသနားခံစာများ၊

(င) တိုင်စာ/အသနားခံစာတွင် တိကျခိုင်မာသော အချက်အလက်များ မပါရှိခြင်း၊ မရေမရာ ရေးသားထားသည့် စာများ၊

(စ) မိမိတို့စိတ်ထဲတွင် ထင်ရာမြင်ရာ ရေးသားထားသောစာများ၊ တောင်စဉ်ရေမရ ရေးသားထားသော စာများ၊

(ဆ) ပုဂ္ဂိုလ်ရေး တင်ပြစာများ၊

(ဇ) ပစ်စာများ၊

(ဈ) အကြံပြုစာများ၊

(ည) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းမှုနှင့်ပတ်သက်တဲ့ တိုင်ကြားစာ/အသနားခံစာများကို ဤကော်မတီက ကိုင်တွယ်ခြင်းမပြုဘဲ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးထားသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ပါသည်။

(ဋ) ပွဲစားသဏ္ဌာန် ကြားပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုက တစ်ဆင့်ခံ၍ တိုင်ကြားပေးသောစာများ ဆောင်ရွက်ခြင်း မပြုပါဘူး။

ကော်မတီ၏ စိစစ်တွေ့ရှိချက်

၁၃။ ကော်မတီ၏ စိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသို့ ၂၀၁၄ ခုနှစ်မှာ ရောက်ရှိလာ သော တိုင်ကြားစာများမှာ-

(က) ယခင်တိုင်ကြားပြီးသော တိုင်ကြားစာများကို ထပ်မံပေးပို့လာခြင်း၊

(ခ) မိမိကိုယ်တိုင် တရားစွဲဆိုရမည့်ကိစ္စများကို တင်ပြလာမှုများဖြစ်ခြင်း၊

(ဂ) ပင်စင်မယူပဲ နုတ်ထွက်ခဲ့ပြီးမှ ယခုအချိန်တွင် လစာများ၊ ပင်စင်များ တိုးမြှင့်လာခြင်းကြောင့် ပြန်လည်ပင်စင် ခံစားခွင့်ပြုပါရန် အသနားခံတင်ပြလာသော တင်ပြစာများဖြစ်ခြင်း၊

(ဃ) တရားရုံးအဆင့်ဆင့်က ဆုံးဖြတ်ထားပြီးဖြစ်သော်လည်း ပြန်လည်အသနားခံ တင်ပြလာသောစာများဖြစ်ခြင်း၊

(င) အထောက်အထားပြည့်စုံမှုမရှိဘဲ ရလိုရငြား တင်ပြလာသော ပြည်သူပိုင်သိမ်း အဆောက်အအုံကိစ္စများဖြစ်ခြင်းတို့ဖြစ်ပါတယ်။

(၂) အရေးယူဆောင်ရွက်ပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိသော အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့ခဲ့ရာတွင် အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကလည်း စုံစမ်းရေး ကော်မတီများ ဖွဲ့စည်း၍ စစ်ဆေးကြောင်း ကြားသိရပါတယ်။ လွှတ်တော်နဲ့ ကော်မတီသို့ အကြောင်းပြန်ကြားချက်များ ပေးပို့မှုမှာ မြန်ဆန်မှု မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကော်မတီ၏ အကြံပြုတင်ပြချက်

၁၄။ ကော်မတီ၏ အကြံပြု တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်သူများကကော်မတီသို့ ပေးပို့လာသော တိုင်ကြားစာများကို ကော်မတီက လေ့လာ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့သည်နှင့်တစ်ပြိုင်တည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသို့လည်း အမှုတွဲနှင့်အတူ ပေးပို့ခဲ့ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အချို့မှလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း စစ်ဆေးပြီးတော့ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ ဤကော်မတီသို့ ပြန်လည်ပေးပို့လာသည်ကိုလည်း စိစစ်တွေ့ရှိရပါတယ်။ သို့ရာတွင် အချို့သော တိုင်ကြားစာများသည် အောက်ခြေတွင် ဖြေရှင်းဆောင်ရွက် သင့်သောကိစ္စရပ်များပါရှိပေရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သင့်ပါကြောင်းကို အကြံပြု တင်ပြအပ်ပါတယ်။

(ခ) အပြစ်ရှိသူအား အရေးယူဆောင်ရွက်ချက်များကို မီဒီယာများကတစ်ဆင့် လိုအပ်သလို သတင်းထုတ်ပြန်ပေးခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များနှင့် အစိုးရအဖွဲ့များအပေါ် ပြည်သူများက ပိုမိုအားကိုး ယုံကြည်မှု ရှိလာမည်ဖြစ်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

နိဂုံး

၁၅။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် ပြည်သူများ၏ နစ်နာချက်များကို ကွင်းဆင်း၍ လည်းကောင်း၊ လေ့လာ၍လည်းကောင်း လွှတ်တော်သို့ တင်ပြရာ တွင် ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များ ရေးသားဖော်ပြပြီး လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ထံ အမှုတွဲ နှင့်အတူ ပေးပို့ခဲ့ပါတယ်။ ထို့ပြင် ဖြစ်ရပ်မှန်သိရှိစေရန် ကော်မတီသို့ ဖိတ်ခေါ်မေးမြန်းပေးခြင်း၊ ကြယ်ပွင့်ပြ/မပြ မေးခွန်းများ မေးမြန်းပေးခြင်းနှင့် အဆိုများ တင်သွင်းပေးခြင်းတို့ဖြင့် ပြည်သူများ အားကိုး ယုံကြည်မှုရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာက လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်း စည်းကမ်းတို့နှင့်အညီ ဆောင်ရွက်ချက်များကို ဤကော်မတီသို့ ပြန်လည်ပေးပို့ကာ ယင်းပြန်ကြားချက်များကို ကာယကံရှင်များထံ ပြန်ကြားပေးခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ အားကိုး ယုံကြည်ရသော ကော်မတီတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစိုးရအဖွဲ့က ပြန်ကြားရန် ကျန်သေးတဲ့အမှုတွဲများကို တစ်ခုချင်းအဖြစ် မေးခွန်းများတည်ဆောက်ပါ။ ကော်မတီက မေးခွန်းများတည်ဆောက်ပြီးတော့ သက်ဆိုင်တဲ့ဝန်ကြီးဌာနကို ဦးတည်ပြီးတော့ မေးပါ။ အဲဒီမေးခွန်းတွေကို ဒီမေးခွန်းတွေကို နောက်ပိုင်းမှာ သက်ဆိုင်ရာဝန်ကြီးဌာန တွေကို ဖိတ်ပြီးတော့ တစ်ခုချင်း၊ တစ်ခုချင်း၊ တစ်ခုချင်း မေးခွန်းမေးတဲ့နည်းနဲ့ ဖြေရှင်းကြည့်ပါ။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ(၁/၂၀၁၅)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၅)နှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၂) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]